# မြန်မာနိုင်ငံရှေ့နေများကောင်စီ
# Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

## န.အ.ဖ စစ်အစိုးရ၏ အုပ်ချုပ်မှုအောက်၌ တနေ့တခြားတိုးပွားလာသည့် တပ်ပြေး ပြဿနာများအပေါ် ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် န.အ.ဖ စစ်အစိုးရ၏ အုပ်ချုပ်မှုအောက်၌ တနေ့တခြားတိုးပွား လာနေသည့် တပ်ပြေးပြဿနာများအတွက် " တပ်မတော်ကာကွယ်ရေးဦးစီးချုပ်" တွင် အဓိကတာဝန်ရှိကြောင်း အောက်ပါအတိုင်း သုံးသပ်ချက်ထုတ်ပြန်အပ်ပါသည်။

၂။ တပ်မတော်သားများ၏ စားဝတ်နေရေးပြည့်စုံခြင်းမရှိသဖြင့် န.အ.ဖ စစ်တပ်တွင်းဆန္ဒပြမှုနှင့်စပ်လျဉ်း၍ လည်း ဥပဒေကြောင်းအရသုံးသပ်ချက်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ (၂၄) ရက်နေ့တွင် မြန်မာနိုင်ငံရှေ့နေများ ကောင်စီမှထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၃။ ဝမြောက်ဒေသအနီး ဟိုပန်မြို့နယ် အတွင်း တပ်စွဲလျက်ရှိသော မိတ္ထီလာအခြေစိုက် တပ်မ (၉၉) လက် အောက်ခံတပ်များတွင်လည်း တပ်ပြေးများ တနေ့တခြားများပြားလာကြောင်း၊ တပ်ပြေးများထဲတွင် အရာရှိများ ကိုယ်တိုင်ပါဝင်ကြောင်း၊ ထို့ပြင် (၁၅.၁.၂၀၁၀) ရက်နေ့တွင် ခမရ (၃၁၅) မှ တပ်ပြေးအဖြစ်သတ်မှတ်ခံရသော တပ်သားအောင်မြင့်ထွန်းနှင့် ထွန်းထွန်းနိုင် တို့ကို ပြန်လည်ဖမ်းဆီးရမိပြီးနောက်ပိုင်း၊ ပစ်သတ်ခဲ့ကြောင်းသိရှိရ သည်။[1]

၄။ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့အခြေစိုက် အမှတ် - ၃၀၂ အမြောက်တပ်မှ အသက်(၂၃) နှစ်အရွယ် အရာရှိ ဗိုလ်ရဲထက်သည် ၂၀၁၀ ခုနှစ် ဇန်နဝါရီလအတွင်း၌ ၄င်းတာဝန်ကျဒေသမှ ထိုင်းမြန်မာနယ်စပ်သို့ထွက် ပြေးလာကြောင်းသိရှိရသည်။[2]

၅။ န.အ.ဖ စစ်တပ်အတွင်းမှ " အရာခံ၊အကြပ်၊ တပ်သား စစ်သည်တို့သည် စားဝတ်နေရေးကျပ်တည်းခြင်း၊ လုပ်ခ-လစာ မလောက်ငခြင်း၊ န.အ.ဖ ၏ ပြည်သူလူထုကိုဖိနှိပ်သည့်မူဝါဒများကို လိုက်ပါလုပ်ဆောင်အကောင် အထည်ဖော်ပေးရခြင်း၊ အငြိမ်းစားလစာနှင့် ဆုကြေးတို့သည် ဘဝဇရာပိုင်းအတွက် အာမခံချက်မပေးနိုင်ခြင်း" အကြောင်းအချက်ပေါင်းများစွာကြောင့်၊ စစ်တပ်မှ နုတ်ထွက်ခွင့်တင်ကြသော်လည်း၊ ထွက်ခွင့်မရကြ ကြောင်း၊ ထို့ကြောင့် တပ်ပြေးများ တနေ့တခြားတိုးပွားလာခြင်းဖြစ်ကြောင်းသိရှိရသည်။

### ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

၁။ မည်သည့်မြန်မာနိုင်ငံသား (ယောကျ်ား) မဆို တပ်မတော်တွင် တာဝန်ထမ်းဆောင်လိုပါက၊ ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေ ပုဒ်မ- ၁၂ စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေးအရာရှိမျက်မှောက်တွင်လိုက်နာရမည့်

---

[1] ခေတ်ပြိုင် - ပေါက်ပေါက်၊ ၂၅ ဇန်နဝါရီ ၂၀၁၀
[2] DVB မင်းလွင်၊ ၃၀ ဇန်နဝါရီ ၂၀၁၀

နည်းလမ်းကို စနစ်တကျခံယူလျက်၊ ပုဒ်မ - ၁၃ အရ စစ်မှုထမ်းအဖြစ်စာရင်းရေးသွင်းရေးအရာရှိက ကျေနပ်လျှင် စစ်မှုထမ်းအဖြစ် စာရင်းရေးသွင်းရန် ပုံစံကို ဖြည့်စွက်၍ ၎င်းအရာရှိနှင့် စစ်မှုထမ်းဆောင်လိုသူနှစ်ဦးစလုံးလက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်း၊ ပုဒ်မ - ၁၄ အရ စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းခိုင်လုံမှုကို ရရှိပြီးဖြစ်သည်။

၂။ တပ်မတော်သားတို့၏ စစ်မှုထမ်းသက်နှင့် နုတ်ထွက်ခွင့်ပြုခြင်းဆိုင်ရာဥပဒေများကို၊ ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေ ပုဒ်မ -၂၀ တွင် -

" ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးအား၊ သတ်မှတ်ထားသည့်အာဏာပိုင်က၊ သတ်မှတ်ထားသည့်နည်းလမ်းအရ စစ်မှုထမ်းခြင်းမှ အငြိမ်းစားယူခွင့် သို့တည်းမဟုတ် ထွက်ခွင့်ပေးခြင်းကို၊

ပုဒ်မ - ၂၁ ပြဋ္ဌာန်းချက်အရ -

(က) ထိုသူ၏ စစ်မှုထမ်းခြင်းကိုရပ်စဲသောအခွင့်အာဏာ။

(ခ) ထိုသို့ရပ်စဲခြင်း၏ အကြောင်းအရင်း။

(ဂ) တပ်မတော်တွင် ထိုသူ၏ စစ်မှုထမ်းခဲ့သည့်အချိန်ကာလ။

စသည်တို့ဖေါ်ပြထားသည့် နုတ်ထွက်ခွင့်လက်မှတ်ကို ထိုသူ၏ တပ်မှူးကပေးအပ်ရမည် ဟူ၍ အတိအလင်း ပြဋ္ဌာန်းထားပါသည်။

၃။ ထို့ပြင် ကာကွယ်ရေးကောင်စီညွှန်ကြားလွှာအမှတ် ၆/၇၄ ၊ တပ်မတော်အငြိမ်းစား လစာ နှင့် ဆုကြေး စည်းမျဉ်း ဥပဒေတွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်။

အခန်း(၂) ၊ စစ်မှုထမ်းသက်၊ အငြိမ်းစားလစာနှင့် စစ်မှုထမ်းသက်ဆုကြေး ခေါင်းစဉ်အောက်ရှိ အငြိမ်းစားယူခွင့်ပြုခြင်းဆိုင်ရာ၊ပုဒ်မ ၂၁-က(၁) "အငြိမ်းစားလစာနှင့် ဆုကြေးအတွက်ရေတွက်ခွင့်ရှိသော စစ်မှုထမ်းသက်နှစ်ပေါင်း ၂၀ ပြည့်သည့်နောက် မည်သည့်အချိန်တွင်မဆို အရာရှိတဦးအား အငြိမ်းစားယူခွင့်ပြုနိုင်သည်။" ဟူ၍လည်းကောင်း၊

ပုဒ်မ ၂၁ (ခ) အငြိမ်းစားလစာနှင့် ဆုကြေးအတွက်ရေတွက်ခွင့်ရှိသော စစ်မှုထမ်းသက် (၁၀) နှစ်ပြည့်ပြီးနောက်မည်သည့်အချိန်တွင်မဆို စစ်သည်တဦးအား အငြိမ်းစားယူခွင့်ပြုနိုင်သည် " ဟူ၍လည်းကောင်း အတိအလင်းပြဋ္ဌာန်းထားသည်။

၄။ အထက်ဖေါ်ပြပါပြဋ္ဌာန်းချက်များအရ အရာရှိဖြစ်လျှင် လုပ်သက် (၂၀) ပြည့်ပြီးသည့်အချိန်မှစတင်ကာ နုတ်ထွက်ရန်တင်ပြလာပါက အငြိမ်းစားလစာ နှင့် ဆုကြေးတို့ပေးအပ်၍ အငြိမ်းစားယူခွင့်ပေးရမည်ဖြစ်ပြီး၊ တပ်သားဖြစ်ပါက လုပ်သက် (၁၀) ပြည့်ပြီးသည့်အချိန်မှစတင်ကာ နုတ်ထွက်ရန်တင်ပြလာပါက အငြိမ်းစားလစာနှင့် ဆုကြေးတို့ကိုပေးအပ်၍ နုတ်ထွက်ခွင့်ပေးရမည်ဖြစ်ပါသည်။

၅။ ဥပဒေအရ နုတ်ထွက်ခွင့်လည်းရှိ၍ နုတ်ထွက်ခွင့်တင်ပြထားပြီးလည်းဖြစ်သော မည်သည့် တပ်မတော်သားကိုမဆို နုတ်ထွက်ခွင့်မပေးဘဲ ဆက်လက်တာဝန်ထမ်းဆောင်စေပါက " မိမိအလိုဆန္ဒနှင့်ဆန့်ကျင်သော အဓမ္မစေခိုင်းမှုကို ကျူးလွန်ခြင်း" ပင်ဖြစ်သည်။

၆။ ထို့ပြင် ပြန်လည်ဖမ်းဆီးရမိသည့် မည်သည့်တပ်ပြေးကိုမဆို တရားနည်းလမ်းကျစွာ စစ်ဆေးခြင်းမရှိဘဲ ပစ်သတ်ခွင့်မရှိပါ။ ပစ်သတ်ပါက ပြစ်မှုဆိုင် ရာဥပဒေ ပြဋ္ဌာန်းချက်အရ လူသတ်မှုကျူးလွန်ခြင်းဖြစ်သည်။

၇။ အထက်ဖော်ပြပါ "မိမိအလိုဆန္ဒနှင့်ဆန့်ကျင်သော အခမ္မစေခိုင်းမှု ကျူးလွန်ခြင်း" နှင့် ပြန်လည်ဖမ်းဆီးရမိသည့် တပ်ပြေးနှစ်ဦးကို ပစ်သတ်ခဲ့သည့်အတွက် "ကာကွယ်ရေးဦးစီးချုပ်" တွင်အဓိကတာဝန်ရှိကြောင်း ဥပဒေရေးရာ သုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

၂၀၁၀၊ ဖေဖော်ဝါရီလ (၉) ရက်

ဥပဒေရေးရာသုံးသပ်ရေးဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အသေးစိတ်သိရှိလိုပါလျှင် -
ဦးမျိုး
တာဝန်ခံ၊
ဥပဒေရေးရာသုံးသပ်ရေးဌာန၊ ဖုန်း - ၀၈၆၂၁၆၀၁၀၈